**သရဏဂုံ။** ။ရှင်သာမဏေ ပြုသောကိစ္စ၌ "ဆံချ, သင်္ကန်း ဝတ်, သရဏဂုံပေး" ဤ ၃-ချက် အရေး အကြီးဆုံးဟု ကျမ်းဂန်၌ ဆိုပါသည်၊ ထို ၃-မျိုးတွင်လည်း သရဏဂုံသည် သာ၍ အရေးကြီး၏၊ ထို သရဏဂုံ၌ "ဥဘ-တောသုဒ္ဓိ=(ပီပီသသရွတ်ဆိုသောအားဖြင့်) ဆရာနှင့်တပည့် ၂-ဘက်လုံး သန့်ရှင်းမှု" ဖြစ်မှ သရဏဂုံ အထမြောက်သည်၊ ဆရာက ပီ၍ တပည့်ကမပီလျှင်ငှင်း, တပည့်က ပီသော်လည်း သွားကျိုးနေခြင်းစသော အကြောင်းကြောင့် ဆရာက မပီ လျှင်ငှင်း သာမဏေစစ်စစ် မဖြစ်နိုင်ပါ၊ ထို့ကြောင့် ယခုအခါ ရှင်လောင်းများအား စောစောက တင်ကြို၍ ရွတ်ဆိုနည်းကို တချို့ ဆရာသမားတို့ သင်ပြလေ့ရှိကြသည်။

**အဋ္ဌကထာ။** ။ပဗ္ဗဇ္ဇာယ ပန ဣမာနိ တီဏိ သရဏာနိ ဗုဒ္ဓကာရ မကာရာဒီနံ ဗျဥ္ဇနာနံ ဌာနကရဏသမ္ပဒံ အဟာပေန္တေနေဝ အာစရိယေနာပိ အန္တေဝါသိကေနာပိ ဝတ္တဗ္ဗာနိ၊ သစေ အာစရိယော ဝတ္တုံ သက္ကောတိ, အန္တေဝါသိကော န သက္ကောတိ။ပ။ န ဝဋ္ဋတိ။ (မဟာဝါ ပဗ္ဗဇ္ဇခန္ဓက။)

**တင်းတင်းရွတ်ရသော အက္ခရာများ။** ။ပါဠိအက္ခရာများကို ရွတ်ဆိုရာ၌ အသံ၏ ဖြစ်ရာဌာနနှင့် အသံထွက်ပုံ တူနေလျှင် ရှေ့အက္ခရာကို ရိုးရိုး ရွတ်၍ နောက် အက္ခရာကို တင်းတင်းမာမာ ရွတ်ရ၏၊ ထိုသို့ ရွတ်မှလည်း "အသံတူ ၂-လုံးတွင် မည်သည့်အက္ခရာကို ရွတ် သည်" ဟု နားထောင်သူတို့မှာ ကွဲကွဲပြားပြား ကြားရ၍